


လက်ကဒီမစာအုပ်တိုက်
ချစ်စီးညို
ဘဂ္ဂဒိ
တတိယအကြိမ်

လွန်ခဲ့သော (၁၅) နှစ်ခန့်က ကြည့်ခဲ့ဖူးသည့် .....

TRIUMPH : OF A MAN CALLED HORSE အမည်ရှိ ရုပ်ရှင်ကားကို ဝိုးတဝါး ပြန်ပြောင်း ခံစား မှတ်မိခြင်းများ ဖြင့် ဤ 'အဂ္ဂနိ' ကို ရေးသား ပါသည် ။

**စာရေးသူ**

# အခန်း (၁)

## တောင်ခိုဝေဝေ

ကျွဲချိုတံပိုးသံများ ပဲ့တင်ရိုက်ခတ်သွားသည် ။

ဦးစွာ ပင်မတော်ကြီး၏ ကျောက်နံရံဆီမှ ပဲ့တင်ပြန်သည် ။ ထို့နောက် တောင်ကြောတစ်လျှောက်ရှိ ကမ်းပါးများ ။ ထို့နောက် အဆင့်ဆင့်သော တောင်တန်းများ ။ ကျွဲချိုတံပိုးသံသည် မဆုံးနိုင်တော့သော ပဲ့တင်ပြန်ရိုက် မြည်သံများ ဖြင့် မဏိပူရတောင်တန်းကြီး တစ်လျှောက်သို့ ဆက်ခါဆက်ခါ တုန်ဟည်းသွားနေသည် ။

တောင်ထွတ်ဖျားများ ဆီမှ တစ်ဆင့် အဝေးသို့လွင့်သွားသော ကျွဲတံပိုး၏ ဤပဲ့တင်သံသည် စကြဝဠာအဆုံးထိ ရောက်ရှိသွားကြတော့မည်။ နှင်းရိုက်သော လေထုထဲသို့ အဟု န်ပြင်းစွာ ပျံသန်းသွားကြတော့မည်။

စစ်ချီကြွေး ညာသံဖြစ်ခဲ့လေသော ဤတံပိုးသံသည် ယခုအခါ၌ မူ

တောင်တန်းကြီးများ ၏ ငိုညည်းသံပင် ဖြစ်လိမ့်မည်။ ထိုအခါ နက်ရှိုင်းသော တောတို့ ကလည်း ကြေကွဲစွာ အော်မြည်ကြမည်။ တဝေါဝေါ ဆင်းနေသော ရေတံခွန်တို့ ကလည်း ဆို့နင့်စွာ တေးဆိုကြမည်။ မည်းမှောင်သော ကျောက်ဂူကြီးများကလည်း လွမ်းဆွတ်စွာ ငိုညည်းကြလိမ့်မည်။

ဤတော၊ ဤတောင်၊ ဤရေတံခွန် စိမ့်စမ်းတို့ ကို ဖြူလွပဝါဖြင့် ရစ်ပတ်ထားလေသော တောင်ခိုးတို့ က ခပ်သိမ်းသော ကြေကွဲမှုကို အသာအယာ ချော့မော့ဖျောင်းဖျနေကြသည် ။

ကျွဲတံပိုးသံများ ၏ ပဲ့တင်မြည်သံများ စဲသွားသည် ။

တောင်ထွတ်ဖျားဆီသို့ တရွေ့ရွေ့ တက်လာကြသော လူတန်းရှည် ကိုင်ဆောင်လာသော မီးတုတ်များကို တညီတည်း မြှောက်လိုက်ကြသည် ။

မီးတုတ်မှ အလင်းရောင်များ ဖြင့် တောင်ထိပ်ပေါ်မှ မြေပြန့်အပြင်သည် လင်းထိန်တောက်ပသွားသည် ။ မီးရောင်အောက်တွင် တိတ်ဆိတ်သော မျက်နှာများ ၊ တင်းမာသော၊ သို့သော် ကြေကွဲနေသော မျက်လုံးများ ။ တင်းတင်းစေ့ထားသော နှုတ်ခမ်းများ ။ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်အစုံများ ။

စက်ဝိုင်းသဏ္ဍာန် နေရာယူလိုက်ကြပြီး လူအုပ်ထဲမှ တစ်ယောက်က ရှေ့သို့ တိုးထွက်လာသည် ။ သူသည် ဝက်ဝံကြီးတစ်ကောင်လို ကြီးမားထွားကျိုင်းလှသူ ဖြစ်သည် ။ အဖြူရောင် ဝတ်ရုံဖားလျားကို ခြုံလွှမ်းထားသည့် ကြားမှ ပင် သူ၏ ကြွခိုင်ထွားကျိုင်းမှုက အတိုင်းသား ပေါ်လွင်နေလေသည် ။

တောင်ထိပ်မြေပြန့်၏ အလယ်ဗဟိုတွင် သူရပ်သည် ။

သူ့ရှေ့မှောက်တွင် ကျွန်းတုံးကြီးများ ဖြင့် အဆင့်ဆင့် ထပ်စီထားသော စင်တစ်ခုရှိသည် ။ ကျွန်းတုံးစင်ကြီး၏ အမြင့်ကား သူ့အရပ် နှစ်ပြန်စာလောက် ရှိသည် ။

ကျွန်းတုံးစင်ကြီးထက်သို့ သူလှမ်းကြည့်လိုက်သည် ။ စင်ထက်တွင် ဘာမှ မရှိ။ မြင့်မားသော ကောင်းကင်ဟင်းလင်းပြင်ကြီးသာ ရှိသည် ။ ဝတ်ရုံဖြူနှင့် လူကြီးသည် ကျွန်းတုံးစင်ကြီးထိပ်မှ မိုးကောင်းကင်သို့ တစ်မျှော်တစ်ခေါ် မော့ကြည့်သည် ။ ကောင်းကင်ထက်မှ နတ်ဒေဝတာ တစ်ပါးပါးနှင့် တိတ်ဆိတ်စွာ စကား ပြောနေသည့်နှယ် သူ့အမူအရာမှာ လေးနက်နေသည် ။

ဝတ်ရုံဖြူ လူကြီးသည် ကောင်းကင်သို့ မော့ကြည့်ရင်း မျက်လွှာအစုံကို တင်းကျပ်စွာ ပိတ်လိုက်သည် ။ ထို့နောက် မည်းမှောင်ထူထပ်သော နှုတ်ခမ်းမွေးများကို တစ်ချက်သပ်သည် ။ သူ့လက်တွေ တုန်ယင်နေသည် ကို ငြိမ်သက်သွားအောင် ထိန်းသိမ်းလိုက်ပြီးနောက် သူ့နှုတ်ခမ်းများ လှုပ်လာသည် ။

ဒဏ်ရာရသော သားကောင်ကြီး တစ်ကောင်၏ ညည်းသံမျိုး ထွက်လာသည် ။

လေပြင်းတိုက်နေသော တောင်ထိပ်တွင် သူ့အသံက မသဲမကွဲထွက်ပေါ်နေသည် ။ မီးတုတ်မှ မီးတောက်များ သည် လေပြင်းတွင် တစ်ဟုန်းထိုး ယိမ်းယိုင်နေကြသည် ။ လူကြီး၏ ဝတ်ရုံဖြူ အနားစများ လည်း စဖျပ်ဖျပ် လှုပ်ခါနေသည် ။ သူ့အသံသည် နီးလာလိုက် ဝေးသွားလိုက် ဖြစ်နေသည် ။

"ကောင်းကင်ကို အစိုးရသော နတ်ဒေဝတာထံ ပြန်လည်အပ်နှင်းပါ၏။ တိမ်တိုက်ကို အစိုးရသော နတ်ဒေဝတာထံ ပြန်လည် အပ်နှင်းပါ၏

။ နက္ခတ်ကို အစိုးရသော နတ်ဒေဝတာထံ ..... "

မီးတုတ်များကိုင်လျက် ပတ်လည်ဝန်းရံ ရပ်နေကြသော လူအုပ်တစ်နေရာမှ ငိုရှိုက်သံတစ်ချက် ပေါ်လာသည် ။ ဝတ်ရုံဖြူလူကြီးက အသံလာရာဆီသို့ တစ်ချက် စောင်းငဲ့ကြည့်သည် ။ ထို့နောက် ထိုအသံကြောင့် လွင့်ပါးသွားသော သူ့အာရုံကို ပြန်လည်တည်ဆောက်ရန် မျက်လွှာအစုံကို မှိတ်လိုက်ပြန်သည် ။

"တောတောင်ကို အစိုးရသော နတ်ဒေဝတာ၏ အလိုအရ ဤလူသားကို ကောင်းကင်ဒေဝတာထံ ဆက်သလိုက်ပါတော့မည်"

ဝတ်ရုံဖြူ လူကြီးက လူအုပ်တစ်နေရာကို လှမ်းကြည့်ပြီး ခေါင်းငဲ့ပြလိုက်သည် ။ စက်ဝိုင်းသဏ္ဌာန် လူအုပ်တစ်နေရာတွင် တစ်ယောက်သွားသာရုံမျှသော လမ်းကြောင်းတစ်ခု ပွင့်ဟသွားသည် ။ လူကြီးက ခေါင်းညိတ်ပြလိုက်သည် ။ ပွင့်ဟသွားသော နေရာအတိုင်း လူအုပ်ကို ထိုးဖောက်လျက် ဝတ်ရုံဖြူ လူခြောက်ယောက်တို့ သည် နှစ်ယောက်စီ ရှေ့နောက်တန်းစီလျက် ဝင်လာကြသည် ။

ထိုခြောက်ယောက်တို့ ၏ ပခုံးထက်၌ ဝါးကပ်ထမ်းစင်တစ်ခုကို ထမ်းလာသည် ။ ထမ်းစင်ထက်၌ မူ အသက်ဝိညာဉ် ချုပ်ငြိမ်းသွားပြီဖြစ်သော လူတစ်ယောက်။

ချုပ်တည်းထားသည့်ကြားမှ ရှန်းကန်ပွင့်အန်လာသော ငိုရှိုက်သံတစ်ခု ပေါ်လာသည် ။ မိန်းမသံတစ်ခု ဖြစ်သည် ။ သို့သော် ချက်ချင်းပင် ပြန်လည်ငြိမ်သက်သွားလေသည် ။

ကျွန်းတုံးစင်ဘေးတွင် လူခြောက်ယောက် ရပ်ကြသည် ။

ဝါးကပ်ထမ်းစင်ကို ပခုံးမှ တစ်ဆင့် လက်တစ်ဆုံး မြှောက်ချီကြသ

ည် ။ ထို့နောက် ဝါးကပ်ထမ်းစင်ကို ကျွန်းတုံးစင်ထက်သို့ တင်လိုက်ကြသည် ။

ထမ်းစင်သမားခြောက်ယောက် နောက်ဆုတ်၍ လူအုပ်ထဲသို့ ပြန်လည်နေရာယူပြီးချိန်တွင် ဝတ်ရုံညိုဝတ် အဘိုးအို သုံးယောက်က ကျွန်းတုံးစင်အနီးသို့ ချဉ်းကပ်လာကြသည် ။ သူတို့ လက်ထဲတွင် ရွှေရောင်သုတ်လိမ်းထားသော မြေအင်တုံများကို ကိုင်ဆောင်ထားကြသည် ။

သူတို့ သည် ယဇ်ဆရာကြီးများ ဖြစ်သည် ။ မြေအင်တုံထဲက မီးကျီခဲများ ပေါ်သို့ ယဇ်ဆရာကြီးများက နံ့သာမှုန့်များ ပက်ဖြူးလိုက်ကြရာ အလိပ်လိပ်သော မီးခိုးငွေ့များ နှင့်အတူ စူးရဲချိုအီသောအနံ့များ ထွက်လာသည် ။

ယဇ်ဆရာကြီးများ ရွတ်ဖတ်သီဆိုနေစဉ် ဝိုင်းအုံနေသော လူအုပ်ကြီးက တောင်ထိပ် မြေပြန့်ပေါ်သို့ ဒူးထောက်လိုက်ကြသည် ။

"ခေါင်းဆောင် ကျားနက်ကြီးသည် မြင့်မြတ်သော သေခြင်းဖြင့် သေဆုံးခဲ့ပြီ။ ငါတို့ ခေါင်းဆောင် ကျားနက်ကြီး၏ ဝိညာဉ်ကို အာကာဒေဝတာက ယူဆောင်သွားပြီ တောတောင်ကို အစိုးရသော ဒေဝတာက ခေါင်းဆောင်ကျားနက်ကြီး၏ ဝိညာဉ်ကို လွတ်လပ်ခွင့် ပေးလိုက်ပြီ၊ ခေါင်းဆောင်ကျားနက်ကြီး၏ ဝိညာဉ်သည် မြင့်မြတ်သော အာကာဒေဝတာနှင့်အတူ စံမြန်းလျက် ငါတို့ အား ဆက်လက် စောင့်ရှောက်နေလိမ့်မည်"

"အို ..... ကျားနက်ကြီး၏ ဝိညာဉ်၊ မျိုးနွယ်စုအား အစာရေစာ ပေးပါလော့၊ သားကောင်ကို ပေးပါလော့၊ စစ်သည် များကို ပေးပါလော့၊ မျိုးနွယ်စု၏ နီရဲသောသွေးတို့ ၌ ထာဝရ လှည့်ပတ် စောင့်ရှောက်ပါလော။ ဤတော၊ ဤတောင်၊ ဤရေတံခွန်၊ ဤလျှိုမြောင်၊ ဤကျောက်ဂူနှင့်သီး

နှံတို့ ၌ ကျားနက်ကြီး၏ ဝိညာဉ် ကိန်းဝပ်စံပယ်ပါလေလော့၊ မျိုးနွယ်စု၏ ဓားသွား၊ လှံဖျားနှင့် မြားချွန်တို့ ၏ ခေါင်းဆောင် ကျားနက်ကြီးသည် သတ္တိကို မွေးဖွားပေးပါလေ၊ ရန်သူအပေါင်း၏ ကြောက်ရွံ့ခြင်းကို ဖန်တီးပေးပါလော့"

ရင်ခေါင်းသံကြီးများ ဖြင့် အကျယ်လောင်ဆုံး အော်ဟစ်လိုက်ကြပြီးသည် ၏ အဆုံးတွင် ယဇ်ဆရာကြီးများ ၏ အသံသည် တိခနဲ ရပ်သွားသည် ။

ထိုနောက်တွင် မူ နောက်ဆုံး အစီအစဉ် ဖြစ်သည် ။

ဝိုင်းရံနေသော လူအုပ်ကြီးထဲမှ တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျ ထွက်ကာ ကျွန်းတုံးစင်အနီးတွင် ဒူးထောက်လျက် တောင်ထိပ်မြေပြန့်မှ မြေမှုန့်ကို ကောက်ယူ၍ နှုတ်ခမ်းထက်တွင် ထိတို့ကြသည် ။

တစ်ယောက်ပြီး တစ်ယောက် အလှည့်ကျ ထွက် လာပြီး နောက်ဆုံး အလှည့်ယူသူမှာ ဝတ်ရုံဖြူ သင်တိုင်းဝတ်ထားသော မိန်းမတစ်ယောက်ဖြစ်သည် ။ ထိုမိန်းမသည် မြေမှုန့်ကို ကောက်ယူကာ နှုတ်ခမ်းထက်တွင် ထိတို့ ရင်း ဆို့ဆို့နစ်နစ် တစ်ချက်ရှိုက်ကာ လဲကျသွားသည် ။

ဝတ်ရုံဖြူ လူကြီးက ထိုမိန်းမအနီးသို့ တိုးကပ်သွားသည် ။

"သူ သတိမေ့သွားပြီ၊ သူ့ကိုခေါ်သွားပြီး ပြုစုပေးလိုက်ကြ"

လဲကျသွားသော မိန်းမကို ပွေ့ယူသွားကြပြီးနောက်တွင် တောင်ထိပ်မြေပြန့် ကျွန်းတုံးစင်ကြီးအနီး၌ ဝတ်ရုံဖြူ လူကြီးတစ်ယောက်သာ ကျန်ရစ်သည် ။

တောင်ထိပ်ပေါ်တွင် လူအားလုံး ကုန်သွားသည့်တိုင် ဝတ်ရုံဖြူ လူကြီးသည် ကျွန်းတုံးစင်အနီးမှ မခွာသေး။ တစ်စုံတစ်ယောက်ကို စောင့်မျှော်ဟန်ဖြင့် အဝေး တောင်တန်းများ ဆီသို့ ငေးကြည့်နေသည် ။

ထိုစဉ်မှာ ပင် နိုးကြားနေသော သူ့အာရုံက မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်သည် ။ မြင်းခွာသံက တောင်ထိပ်မြေပြန့်ဆီသို့ တစ်စတစ်စ နီးကပ်လာသည် ။

ဝတ်ရုံဖြူ လူကြီးတီးတိုးရေရွတ်လိုက်သည် ။

"အဂ္ဂနိ ရောက် လာပြီ၊ မင်းကိုပဲ စောင့်နေတာပါ လူလေး"

***

ကြေးနီရောင် ဆံပင်များက ရှည်လျားလွတ်လပ်စွာ နဖူးပြင်နှင့် ပခုံးထက်ပေါ် ဝဲကျနေသည် ။ တုတ်ခိုင်သော လည်ပင်းအထက်တွင် လေးထောင့်စပ်စပ်ကျသော မျက်နှာပြင်က တည့်မတ်စွာ နေရာယူထားသည် ။ ထူစပ်မည်းမှောင်သော မျက်ခုံးများ အောက်မှ မျက်လုံးအစုံတို့ က နက်ရှိုင်းတောက်ပနေကြသည် ။

သူ့တစ်ကိုယ်လုံးမှာ ကြွက်သားစိုင်များ ဖြင့် ရုန်းကြွနေသည် ။ ဝက်ဝံရေ ကိုယ်ကျပ်အောက်မှ ရင်အုပ်သည် ချွေးစက်များ ဖြင့် အရောင်တောက်နေသည် ။ ခါးစည်းကြိုးတွင် ချိတ်ဆွဲထားသော ဓားမြှောင်က ပေါက်တော့မည့် မြွေဟောက်တစ်ကောင်လို လှုပ်လှုပ်ယမ်းယမ်း ရှိသည် ။

မြင်းမရပ်မီ ခုန်ဆင်းလျက် တောင်ထိပ်ပေါ်သို့ ပြေးတက်လာသော အဂ္ဂနိကိုကြည့်ရင်း ဝတ်ရုံဖြူ လူကြီး တီးတိုးရေရွတ်သည် ။

"နတ်ဒေဝတာ တစ်ပါးကနေပြီး စိတ်ကြိုက်ဖန်ဆင်းထားတဲ့ လူသားတစ်ယောက်ပါပဲ၊ ဒါမှ မဟုတ် နတ်ဒေဝတာကိုယ်တိုင် လူယောင်ဆောင်ထားလည်း ဖြစ်နိုင်တယ်"

မျောက်ဝံတစ်ကောင်၏ လျင်မြန်ကျွမ်းကျင်ခြင်းမျိုးဖြင့် တောင်ထိပ်ပေါ်သို့ မရပ်မနား ပြေးတက်လာနေသော အဂ္ဂနိကို ဝတ်ရုံဖြူ လူကြီးက လမ်းဖယ်ပေးလိုက်သည် ။ အဂ္ဂနိက ကျွန်းတုံးစင်ရှိရာသို့သာ အပြေးအလွှားသွားသည် ။ ထို့နောက် ကျွန်းတုံးစင်ပေါ်သို့တက်ကာ အရှေ့အရပ်သို့ ဦးခေါင်းပြုထားသော 'သေဆုံးသူ' ၏ မျက်နှာကို အနီးကပ်၍ ကြည့်သည် ။ တိတ်ဆိတ်ရှည်လျားသော အချိန်ကာလဖြစ်သည် ။

အဂ္ဂနိ၏ မျက်လုံးများ အရောင်ထွက်နေသည် ။ မေးရိုးမေးကြောများ အပြိုင်အရိုင်း ထနေသည် ။ ရင်အုံတစ်ခုလုံး လှိုင်းထန်ကာ ပခုံးသားများ နိမ့်ချည်မြင့်ချည် ဖြစ်နေလေသည် ။

'သေဆုံးသူ' ၏ မျက်နှာကို မခွာတမ်း စူးစိုက်ကြည့်ရင်း အဂ္ဂနိကျွန်းတုံးပေါ်မှ ဆင်းသည် ။ ထို့နောက် အဂ္ဂနိ၏ အသံသည် တောင်ထွတ်ဖျားပေါ်မှ နှင်းခဲရည်ကဲ့သို့ အေးစက်စွာ ထွက်ပေါ်လာသည် ။

"ကျုပ်အဖေ ဘာကြောင့် သေဆုံးသွားရတာလဲ သမန်းကြီး"

ဝတ်ရုံဖြူ လူကြီးက အဂ္ဂနိ၏ ပခုံးပေါ်သို့ လက်တင်ကာ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည် ။

"သူ့ အလုပ်ကြံခံလိုက်ရတာပဲ လူလေး"

***

ကျွန်းတုံးစင်ပေါ်ရှိ ဖခင်ကြီး၏ ရုပ်အလောင်းကို မျက်တောင်မခတ် စတမ်း ကြည့်ရင်း အဂ္ဂနိသည် သမန်းကြီး၏ စကားများကို နားထောင်သည် ။ စင်စစ်မူ သမန်းကြီး၏ စကားတို့ ကို အဂ္ဂနိ မကြားတစ်ချက် ကြားတစ်ချက်။

"ဘုရင့်တပ်မှူးကြီးကခေါ်တဲ့ ဆွေးနွေးပွဲကို သူ တက်ရောက်ခဲ့တယ်၊ သူတို့ ရဲ့ တွေ့ဆုံဆွေးနွေးပွဲမှာ ဟောဒီ မဏိပူရတောင်တန်းတစ်လျှောက်ရဲ့ ဒေသငြိမ်းချမ်းရေး၊ မျိုးနွယ်စုချင်း စစ်မက်မဖြစ်ပွားရေး၊ ယှဉ်တွဲနေထိုင်ရေးနဲ့ ရွှေတွင်းတွေကိစ္စကို သူတို့ ဆွေးနွေးကြတယ်၊ ခေါင်းဆောင် ကျားနက်ကြီးနဲ့ အတူ ငါပါ ဆွေးနွေးပွဲကို လိုက်ပါသွားခဲ့တာ၊ ဆွေးနွေးပွဲအပြီးမှာ ဘုရင့်တပ်မှူးကြီးက ညစာစားပွဲနဲ့ ဧည့်ခံတယ်၊ ခေါင်းဆောင်ကြီးကို သူတို့ တကယ်လေးစားကြတယ်၊ သူ့စကားတွေကိုလည်း တကယ်ကို အလေးအနက် နားထောင်ကြတယ်၊ သူ့ကို ဘုရင့်တပ်မှူးကြီးက တကယ်ဂရုစိုက်တယ်၊ ဆွေးနွေးပွဲမှာ လူလေးရဲ့ အဖေက မဏိပူရ တောင်တန်းဒေသရဲ့ ငြိမ်းချမ်းမှုအစီအစဉ်တွေကို မရပ်မနား တင်ပြခဲ့တယ်၊ သူ့အစီအစဉ်တွေဟာ အံ့သြစရာကောင်းလောက်အောင် စေ့စပ်တိကျခဲ့တယ်။ အေး... မင်းအဖအကြောင်း မင်းအသိဆုံးပါ အဂ္ဂနိရယ်"

သမန်းကြီး၏ စကားကိုနားထောင်ရင်း အဂ္ဂနိ တင်းကျပ်စွာ လက်သီးဆုပ်မိသည် ။ လက်ချောင်းများက လက်ဖဝါးထဲ နစ်ဝင်သွားကြတော့မတတ်။

"ဆွေးနွေးပွဲပြီးပြီးချင်း ညနေခင်းမှာ တစ်ခါတည်း ပြန်ခဲ့ကြဖို့ ပဲ၊ ဒါပေမဲ့ ဘုရင့်တပ်မှူးကြီးက ညစာစားပွဲနဲ့ ဧည့်ခံချင်လို့ တစ်ညဥ့်နေပါဦးဆိုလို့ ငါတို့ ဘုရင့်ကင်းတပ်စခန်းမှာ တစ်ညဥ့်နေခဲ့ရတယ်၊ ညစာစားပွဲ

မှာ ရတနာပူရကပွဲနဲ့ ဧည့်ခံဖျော်ဖြေခဲ့သေးတယ်"

သမန်းကြီး၏ အသံက ကွဲအက်နေသောဒိုင်းတစ်ခုပေါ်သို့ ကျိုးပဲ့နေသော ဓားတစ်စင်းဖြင့် ရိုက်ချသံလို ဖြစ်နေသည် ။

"နောက်တစ်နေ့ နံနက်စောစော ငါတို့ ပြန်ခဲ့ကြတယ်၊ ကျွန်းတောအုပ်နယ်စပ်ကို အရောက်မှာ ငါ့ရဲ့ ခြေထောက်ဒဏ်ရာက ဆိုးဆိုးရွားရွား ဖြစ်ပေါ်လာတယ်၊ အမှန်တော့ တစ်နေ့ခင်းလုံး မရပ်မနား မြင်းစီးခဲ့ရလို့ ခရီးပန်းပြီး ဒဏ်ရာဟောင်း ပြန်ပေါ်တာပဲ"

သမန်းကြီး၏ ခြေထောက်တစ်ဖက်မှာ စစ်ပွဲတစ်ပွဲတွင် မြင်းအနင်းခံရသဖြင့် ဒဏ်ရာပြင်းစွာ ရခဲ့သည် ။ ပကတိ အကောင်းအတိုင်း ပြန်မဖြစ်လာတော့။ အမှန်တော့ သူ့သက်တမ်း၏ သုံးပုံနှစ်ပုံကို စစ်သည် တော်အဖြစ် အသုံးပြုခဲ့သောသမန်းကြီးမှာ ခြသေ့်အိုကြီးတစ်ကောင်လို ဖြစ်နေပေပြီ။

"ခေါင်းဆောင်ကြီးဟာ တကယ်ကြင်နာတတ်သူကြီးပါပဲ၊ ငါ့ခြေထောက်ဒဏ်ရာ ပြန်ပေါ်လာတာ သိတော့ ငါ့ကို ကျွန်းတော်အုပ်စခန်းနယ်စပ်မှာ အနားယူခိုင်းတယ်။ သူက ငါ့အတွက် ဆေးဝါးယူဖို့ ဆိုပြီး ကျောက်ဂူစခန်းကို ထွက်သွားတယ်၊ ဒါပေမဲ့ သူ့မြင်းခွာသံတွေ အဝေးမရောက်ခင်မှာ ပဲ တိုက်ပွဲသံတွေ ပေါ်လာတယ်"

သမန်းကြီးသည် ကျွန်တုံးစင်ကြီးကို ဆုပ်ကိုင်လိုက်သည် ။

"ခေါင်းဆောင်ကြီးကို ရန်သူတွေ ဝိုင်းတိုက်နေကြပြီဆိုတာ သိသိချင်း တိုက်ပွဲဖြစ်တဲ့ နေရာဆီကို ငါလာခဲ့တယ်၊ ဒါပေမဲ့ လူလေးရယ် ..."

သားရဲ့ တိရစ္ဆာန်တစ်ကောင်၏ ညည်းညူသံမျိုး ထွက်ပေါ်လာသည် ။

"တိုက်ပွဲက ပြီးနှင်နေပြီ၊ ခေါင်းဆောင်ကြကြီးဟာ ရန်သူငါးယောက်ကို သူနဲ့ မတူ မရဏာတိုင်းပြည်ကို ခေါ်သွားတယ်၊ သူ့ကိုယ်မှာ လည်း ဒဏ်ရာတွေ မြင်မကောင်းဘူး၊ ငါ သူ့ကို ပွေ့ထူလိုက်ချိန်မှာ ..."

သမန်းကြီးက စကားကိုရပ်ပြီး အဂ္ဂနိကို လှမ်းကြည့်သည် ။ စကားလုံးများကို ရွေးချယ်လွှဲဖယ်ပြောရန် စိတ်ကူးမိသော်လည်း ဤအချိန်အခါမျိုးတွင် ထိခိုက်စေမည့် စကားလုံးကိုသာ အပြောသင့်ဆုံးဟု ဆုံးဖြတ်သည် ။

"ပွက်ခနဲ အန်ကျလာတဲ့ သွေးတွေနဲ့ အတူ ခေါင်းဆောင်ကြီးဟာ နောက်ဆုံး စကားလုံးကိုပြောပြီး ငါ့ရင်ခွင်ထဲမှာ ပဲ အသက်ပျောက်သွားတယ်"

"သူ ဘာပြောသွားသလဲ"

"မဏိပူရ တောင်တန်းဒေသတစ်ခုလုံး ငြိမ်းချမ်းသာယာမှုရအောင် အဂ္ဂနိ ဆက်လုပ်ပါစေ...တဲ့ "

ငြိမ်းချမ်းသာယာမှု ... နှလုံးထဲမှ ပဲ့တင်မြည်၍ ထိုစကားလုံးများကို အဂ္ဂနိ ရေရွတ်လိုက်သည် ။

ငြိမ်းချမ်းသာယာမှုတဲ့ လား။ ကျားနက်ကြီးဟူသော ဘွဲ့ကို ရရှိခဲ့သည့် ဖခင်ဖြစ်သူသည် သူ့တစ်သက်တာပတ်လုံး မဏိပူရဒေသ၏ ငြိမ်းချမ်းသာယာမှု အရေးတော်ပုံကို မနေမနား ဆောင်ရွက်ခဲ့ချေသည် ။ မျိုးနွယ်စုများ အရေး၊ ကျွန်းတော်များ နှင့်ရွှေတွင်းများ ပြဿနာ။ အဓိကရန်သူဖြစ်လေသော ကနန်မျိုးနွယ်စု ပြဿနာ။

ထွေပြားအံ့သော အတွေးများကို ဖယ်ထုတ်လျက် အဂ္ဂနိက လှမ်းမေးလိုက်သည် ။

"ရန်သူအလောင်း ငါးလောင်းကို စစ်ဆေးကြည့်တော့ ဘာသိရသလဲ
"

"ကနန်မျိုးနွယ်စုတွေပါပဲ လူလေး"

ထင်သည့်အတိုင်းပင် ဖြစ်နေလေသည် ။ ဘိုးစဉ်ဘောင်ဆက် သုံးဆက်ကာလကတည်းက သူသေ ကိုယ်သေ လက်ဦးမှုယူကာ သဲသဲမဲမဲ တိုက်ခဲ့ကြသော ရန်သူမျိုးနွယ်စု။

"လူလေး အဂ္ဂနိ"

သမန်းကြီးက အဂ္ဂနိ၏ ပခုံးကြွက်သားများကို အသာအယာ ဆုပ်နယ်ရင်း တိုးညင်စွာ ဆက်ပြောသည် ။

"ခေါင်းဆောင်ကြီးကျား ကျားနက်ကြီး ပီသစွာနဲ့ ကျဆုံးသွားခဲ့ပါပြီ၊ ငါတို့ သက်မျိုးနွယ်စုများ ရဲ့ ထုံးဓလေ့နဲ့ အညီ သူ့အလောင်း မပုပ်သိုးခင်မှာ သူ့ကို အကြီးကျယ်ဆုံး သဘင်ပွဲနဲ့ ပူဇော်ပြီး သင်္ဂြိုဟ်ခဲ့ကြပြီ၊ သက်မျိုးနွယ်စုရဲ့ ထုံးဓလေ့ကို မြတ်နိုးလှတဲ့ မင်းအဖရဲ့ ဆန္ဒအတိုင်း သူ့ကို အခု ငါတို့ မြင့်မြတ်တဲ့ ဟောဒီ အာကာဒေဝတာ တောင်ထိပ်မှာ သင်္ဂြိုဟ်ခဲ့ကြပြီးပြီ"

အဂ္ဂနိသည် ငြိမ်သက်စွာ နားထောင်နေသည် ။ အဂ္ဂနိ၏ ဤငြိမ်သက်မှုသည် အဆုံးမမြင်သော ချောက်ကမ်းပါးကြီးတစ်ခုကို ကြောက်စရာကောင်းလှကြောင်း သမန်းကြီး သိနေသည် ။ အဂ္ဂနိသည် ပေါက်ကွဲလွင့်စဉ်မသွားအောင် သူ့ကိုယ်သူ အတတ်နိုင်ဆုံး ချုပ်တည်းနေရကြောင်းလည်း သမန်းကြီး သိသည် ။

"ခေါင်းဆောင်ကြီးတွေကို သင်္ဂြိုဟ်တဲ့ ငါတို့ သက်မျိုးနွယ်စု ထုံးဓလေ့အတိုင်း သူ့ကို မြေလည်း မမြှုပ်ဘူး၊ ကျောက်ဂူကြီးထဲလည်း မထား

ဘူး၊ ရေတံခွန်အောက်မှာ လည်း မထားဘူး၊ မီးလည်း မရှို့ဘူး၊ ပကတိရုပ်အလောင်းအတိုင်းပဲ သူ့ခန္ဓာကိုယ်ကို ဟောဒီမြင့်မြတ်တဲ့ အာကာဒေဝတာ တောင်ထိပ်ပေါ်က ကျွန်းတုံးစင်ပေါ်မှာ တင်ပေးလိုက်တြယ်။ တောင်တောင်ကို အစိုးရတဲ့ ဒေဝတာက သူ့ကို အကာဒေဝတာဆီ ပို့ပေးလိမ့်မယ်၊ သူ့ဝိညာဉ်ဟာ မြင့်မြတ်တဲ့ ဘုံကို ရောက်သွားလိမ့်မယ်၊ ဟောဒီတောင်ထိပ်မှာ မကြာခင် နှင်းခဲမိုးတွေ ရွာသွန်းတော့မယ်၊ နှင်းခဲမိုးရဲ့ အအေးဒဏ်ကြောင့်၊ ပြီးတော့ တောင်ထွတ်ဖျားနဲ့ နီးကပ်စွာရှိနေတဲ့ မိုးတိမ်ထုတွေကြောင့် သူ့ရုပ်အလောင်းဟာ ရက်ပေါင်းများ စွာ မပျက်မစီးရှိနေလိမ့်မယ်၊ တို့ များ လဆန်းရက် တတိယနေ့တိုင်းနဲ့ လဆုတ်ရက် တတိယနေ့တိုင်းမှာ သူ့ကို လာပြီး ပူဇော်မယ်။ သူ့ဝိညာဉ်ရဲ့ စောင့်ရှောက်မှုကို ခံယူမယ်၊ အားလုံးပြီးသွားပြီ အဂ္ဂနိ"

တစ်ချိန်လုံး ငြိမ်သက်နေသောအဂ္ဂနိက သမန်းကြီးကို လှည့်ကြည့်သည် ။ အဂ္ဂနိ၏ မျက်လုံးအစုံမှာ ကြယ်တာရာနှစ်စင်းနှင့်မခြား တောက်ပနေသည် ။

"အဖအတွက်တော့ အားလုံးပြီးသွားပြီ၊ ဒါပေမဲ့ ကျုပ်လုပ်စရာတွေ ကျန်သေးတယ်"

"ဟုတ်တာပေ့ါ လူလေးရယ်၊ မင်းကို သက်မျိုးနွယ်စုရဲ့ ခေါင်းဆောင်အဖြစ် ငါတို့ တင်မြှောက်ရဦးမယ်၊ ကျားနက်ဘွဲ့ ခံယူပွဲနဲ့ သစ္စာဆိုပွဲ ကျင်းပရဦးမယ်လေ"

"ဒါတွေကို ပြောတာ မဟုတ်ဘူး "

အဂ္ဂနိ၏ အသံမှာ မိုးသားတိမ်တိုက်ကြားမှ ထစ်ချုန်းဖောက်ခွဲ ထွက်ပေါ်လာသည့် လျှပ်စီးသံမျိုး။

"ကနန်မျိုးနွယ်စုဆီကို စစ်ကြေညာ သဝဏ်လွှာပို့ဖို့ "

"အဂ္ဂနိ …. လူလေး"

"ဆက်မပြောနဲ့ သမန်းကြီး၊ ကျုပ်နားလည်တယ်၊ ကျုပ်အဖေဟာ သူ့ဘဝတစ်လျှောက်လုံးပဲ ငြိမ်းချမ်းသာယာမှုဆိုတာကို ကြွေးကြော်ရင်းနဲ့ အဲဒီငြိမ်းချမ်းသာယာမှု အလုပ်တွေကို လုပ်သွားခဲ့တယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးသမားကြီး ကျုပ်အဖေကော စစ်ပွဲကို ရှောင်လွှဲနိုင်ခဲ့လို့ လား၊ ကနန်မျိုးနွယ်စုနဲ့ တခြားလူမျိုးစုတွေရဲ့ ကျူးကျော်မှုတွေကို ကာကွယ်ခဲ့ရတယ်၊ ရွှေတွင်းတွေကို စောင့်ရှောက်ခဲ့ရတယ်၊ တောင်ယာစိုက်ခင်းနဲ့ စားကျက်တွေကို ထိန်းသိမ်းခဲ့ရတယ်။ သမန်းကြီး သိထားဖို့ က ကျုပ်ဟာ ကျုပ်အဖေ မဟုတ်ဘူး ၊ သွေးကို သွေးနဲ့ တောင်းဆိုရမယ်၊ ဒါပဲ"

"နောက်ထပ် စစ်ပွဲတွေမဖြစ်အောင် စစ်ပွဲနဲ့ တားဆီးမယ်ဆိုတဲ့ အဓိပ္ပာယ်လား အဂ္ဂနိ"

"ဒီစကားမျိုးတွေလည်း ခုနေခါမှာ ကျုပ်မဆွေးနွေးချင်ဘူး၊ ထားလိုက်တော့ အမိကော"

သမန်းကြီး ပင့်သက်ချသည် ။ သံမဏိတုံးပမာဖြစ်သော ဤသူငယ်၏ မာကျောသော ခန္ဓာကိုယ်တစ်နေရာတွင် နူးညံ့သော တစ်စုံတစ်ခုရှိနေသေးကြောင်း သိလိုက်ရ၍ စိတ်လက်ပေါ့ပါးသွားသည် ။

"မြေမှုန့်နဲ့ ပူဇော်နေတုန်းမှာ မင့်အမိ လဲကျပြီး သတိမေ့သွားလို့ ပွေ့ခေါ်သွားကြတယ်"

"အမိနေကောင်းနေမှ ဖြစ်မယ်၊ သူ့ဆီက ကျုပ်အဖေ အကြောင်းတွေ အများကြီး သိစရာရှိသေးတယ်"

ဖခင်ဖြစ်သူ၏ ဝိညာဉ် အကြွင်းမဲ့ ပူးကပ်နေပါစေဟု သမန်းကြီး ဆုတောင်းလိုက်သည် ။ ထိုသို့ဆိုလျှင် အဂ္ဂနိသည် ပျော့ပျောင်းညင်သာမှု

တစ်ခုခုကို ပိုင်ဆိုင်နိုင်ပေမည်။

"ကဲ ..... သမန်းကြီး ပြန်တော့၊ ကျုပ်အဖကို ပူဇော်ဦးမယ်"

သမန်းကြီး တိတ်ဆိတ်စွာ ထွက်ခွာသွားသည် ။

အဂ္ဂနိသည် ဖခင် ကျားနက်ကြီး၏ ရုပ်အလောင်းထားရှိရာ ကျွန်းတုံးစင်ကို သုံးကြိမ်လှည့်ပတ်သည် ။ မျက်လုံးအစုံကမူ ဖခင်ကြီး၏ မျက်နှာကို မမှိတ်မသုန် ကြည့်လျက်။ ဖြူရော်ဖျော့တော့သော မျက်နှာပြင်မှ တိကျသော ကောက်ကြောင်းများကို စေ့စေ့စပ်စပ် ကြည့်လျက်။

ထို့နောက် အဂ္ဂနိသည် ရုပ်အလောင်းခြေရင်းတွင် ဒူးထောက်ချလိုက်သည် ။ မြေမှုန့်ပူဇော်ခြင်းဖြင့် နောက်ဆုံး ပူဇော်ရတော့မည်။

ကြေကွဲနာကျင်မှုက မီးတောက်မီးလျှံများ ပမာ ခန္ဓာကိုယ်တွင်း အနှံ့အပြား၌ တောက်လောင်လာကြသည် ။

အဖ မသေသင့်ဘူး။ အဖဟာ မစွမ်းမသန်တော့တဲ့ အဘိုးအိုကြီးတစ်ယောက် မဟုတ်သေးဘူး။ အဖမှာ ခွန်အားတွေ အများကြီး ရှိသေးတယ် ။ ရာပေါင်းများ စွာသော သားကောင်များကို အမဲလိုက်နိုင်သေးတယ်။ မဏိပူရတောင်ကြောတစ်လျှောက်မှာ နေ့ပေါင်းညပေါင်းများ စွာ မနားတမ်း ခရီးပြင်းချီနိုင်သေးတယ်။ အဖ ချစ်ခင်မြတ်နိုးတဲ့ ဟောဒီတောင်တန်းတွေ၊ တောအုပ်တွေနဲ့ ရွှေတွင်းတွေကို အဖ နှစ်ပေါင်းများ စွာ ဆက်လက် အုပ်ချုပ်နိုင်သေးတယ်။ ငြိမ်းချမ်းသာယာမှုဆိုတဲ့ အဖ အင်မတန်မြတ်နိုးတဲ့ စကားစုကို မနေမနား ရွတ်ဆိုနိုင်သေးတယ်။ အဖ မသေသင့်သေးဘူး။ အာကာဒေဝတာဆီ အဖရဲ့ ဝိညာဉ်ကို မအပ်နှံသင့်သေးဘူး။ ဒါပေမဲ့ အဖဟာ အခုတော့ ....

အဂ္ဂနိသည် မြင့်မြတ်သောတောင်ပေါ်မှ မြေမှုန့်များကို ကောက်ယူ၍

နှုတ်ခမ်းထက်တွင် လိမ်းသုတ်ရန် လက်ကို ပင့်မြှောက်လိုက်သည် ။

သို့သော် နှုတ်ခမ်းများ ဆတ်ဆတ်တုန်နေသလို လက်ချောင်းများက လည်း မတည်မငြိမ် ဖြစ်နေကြသည် ။

ငြိမ်းချမ်းသာယာမှုတဲ့ လား အဖရယ်။ ဒီ မဏိပူရတောင်တန်းဒေသကြီး တစ်ခုလုံးမှာ ငြိမ်းချမ်းသာယာမှုဆိုတဲ့ စကားလုံးကို အဖ တစ်ဦးတည်းပဲ ကြွေးကြော်ခဲ့တာပါ။ တခြားမျိုးနွယ်စုတွေအားလုံးနဲ့ တောင်တန်းတစ်ဖက်က ရန်သူတွေကတော့ ရွှေတွင်းတွေကိုပဲ စိတ်ဝင်စားနေခဲ့ကြတာပါ။ စစ်ပွဲကြွေးကြော်သံတွေကိုပဲ အော်ဟစ်နေခဲ့ကြတာပါ။

ဒီလို သွေးဆာနေတဲ့ လူတွေအားလုံးကြားမှာ ငြိမ်းချမ်းသာယာမှုဆိုတဲ့ စကားလုံးကို ကြွေးကြော်သူဆိုလို့ အဖတစ်ယောက်ပဲ ရှိတာပါ။ အခုတော့ အဖနှုတ်က မချစတမ်း တဖွဖွကြွေးကြော်ခဲ့တဲ့ ဒီစကားလုံးကို အဖနှုတ်ဖျားက နောက်ထပ် ထွက်မလာနိုင်အောင် သူတို့ က လုပ်ပစ်လိုက်ကြပြီ မဟုတ်လား။

နောက်ဆုံးတော့ အဂ္ဂနိသည် မြေမှုန့်များကို နှုတ်ခမ်းထက်တွင် လိမ်းသုတ်လိုက်သည် ။

မြင့်မြတ်သော တောင်ထိပ်။ မဏိပူရတောင်ကြော၏ အမြင့်ဆုံးတောင်ထွတ်ဖျားများ တွင် ကောင်းကင်ဆီသို့ ထိနမ်းလုမတတ် ထိုးထွက်နေသော အခေါင်အဖျား တောင်ထိပ်မြေပြန့် ကွက်လပ်ပေါ်မှ မြေမှုန့်။ သက်မျိုးနွယ်စုတို့ ၏ ခေါင်းဆောင်အစဉ်အဆက်ကို သင်္ဂြိုဟ်ခဲ့သော မြင့်မြတ်သောနေရာ။ အာကာဒေဝတာနှင့် မဏိပူရ တောင်တန်းတို့ ၏ နယ်နိမိတ်။

တောင်ထိပ်ပေါ်မှ အဂ္ဂနိ ဆင်းလာချိန်တွင် ဖြူလွှမိုင်းညို့ တောင်ခိုး

များ လွင့်မျောဝေရီဆဲ။

***

# အခန်း (၂)
# ကျိန်းနှောတောင်ထိပ် တိုက်ပွဲ

စင်စစ် မဏိပူရ၏ ရှုပ်ထွေးသော နိုင်ငံရေးသည် ဟံသာဝတီရောက်မင်းတရား လက်ထက်ကတည်းက စတင်ခဲ့ခြင်း ဖြစ်သည် ။

မဏိပူရစော်ဘွား 'ဟု မွ' သည် တူမတော် ဖြစ်သူအား ဟံသာဝတီမင်းတရားထံ ဆက်သခဲ့ဖူးသည် ။ တူမတော်မှာ စော်ဘွားဟု မွ၏ ညီအလတ် 'ဝရင်္ဂမွ' ၏ သမီး ဖြစ်သည် ။ ဟံသာဝတီရောက် မင်းတရားကလည်း စော်ဘွားတူမကို မဟာဒေဝီဘွဲ့ဖြင့် ချီးမြှောက်ခဲ့သည် သာမက မဟာဒေဝီ၏ မောင် 'ခုရာလပ္ပ' ကိုပါ မင်းရဲစည်သူဘွဲ့ပေး၍ သူကောင်းပြုခဲ့သည် ။

တူမတော်အား မင်းတရားထံဆက်သပြီး စော်ဘွားဟု မွ အင်းဝမှ ပြန်သွားခဲ့သည် ။ သို့သော် မဏိပူရပြန်ရောက်သောအခါ စော်ဘွားကို ဓားသွားတစ်ခုက စောင့်ကြိုနေခဲ့လေသည် ။ ထိုဓားသွားမှာ လည်း အခြားသူမဟုတ်။ သားတော်၏ ဓားသွားဖြစ်သည် ။ အင်းဝဘုရင်အား တူမကို ဆက်သရပါမည်လားဟူ၍ သားက အဖစော်ဘွားကို လုပ်ကြံလိုက်သည် ။ ဤတွင် မဏိပူရနန်းတွင်းလုပ်ကြံမှုများ အဆက်ဆက် စတင်ဖြစ်ပေါ်တော့သည် ။

အဖသတ်မင်း 'ဆန္ဒတန်' ကို ခုရာလပ္ပက နန်းမှ ချလိုက်သည် ။ ခု

ရာလပွသည် ကြာရှည်စွာ ထီးနန်းမစံရ။ ဆန္ဒတန်၏ ညီ 'ဇင်းကွဲတာပန် 'က နန်းချပစ်လိုက်ပြန်သည် ။ နန်းချလုပ်ကြံပွဲများက မပြီးသေး။

ဇင်းကွဲတာပန်ကို မင်းရဲစည်သူဘွဲ့ခံထားသော ခုရာလပွ၏ သား ဂေါရသျှုံက နန်းမှ ချလိုက်ပြန်သည် ။ ဤတွင် ဇင်းကွဲတာပန်သည် အင်းဝသို့ ပြေး လာပြီး ဟံသာဝတီရောက် မင်းတရားထံ ခိုလှုံလာသည် ။ ဇင်းကွဲတာပန်အား မဏိပူရနန်းသို့ ပြန်တင်ပေးမည်ဟု မင်းတရားက ကတိပေးလိုက်သည် ။ သို့သော် အခြေအနေများက ပြောင်းလဲသွားသည် ။

ဟံသာဝတီရောက် မင်းတရားလည်း ဘုန်းအာဏာလျော့ပါးကာ ဟံသာဝတီ ပါသွားသည် ။ အင်းဝလည်း ပျက်သည် ။ ဇင်းကွဲတာပန်လည်း အင်းဝ၌ပင် နာဖျား၍ ကွယ်လွန်ပြန်သည် ။

အလောင်းမင်းတရားကြီး နန်းတက်ချိန်တွင် မဏိပူရစော်ဘွားသည် နယ်စပ်တောင်တန်းကို ထိပါးလာသည် ။ ဇင်းကွဲတာပန်အား ထီးနန်းရေးအကူအညီပေးမည်ဟူသော ကတိစကားက အလောင်းမင်းတရားကြီးအပေါ်၌ ဆက်လက် ကျရောက်လာခဲ့သည် ။

ဤအချိန်တွင် မဏိပူရစော်ဘွား ဂေါရသျှုံ၏ ညီတော် အိမ်ရှေ့စံ ဇူပရာဇာကလည်း လက်ရုံးစွမ်းပြလျက် မင်းတရားကြီး၏ ဘုန်းအာဏာကို ဖိဆန်နှောင့်ယှက်လာသည် ။

ဤသို့ဖြင့်ပင် တန်ဆောင်မုန်းလဆန်း ဆယ့်နှစ်ရက်နေ့တွင် အလောင်းမင်းတရားကြီး၏ ကုန်းဘောင်တပ်ကြီးများ သည် သလ္လာဝတီကို ဆန်တက်၍ မော်လူးဆိပ်မှ တစ်ဆင့် မဏိပူရသို့ ချီတက်ခဲ့ကြလေသည် ။

သလ္လာဝတီ မြစ်ရိုးတစ်လျှောက်တွင် တပ်တော်များ နေရာအနှံ့ဖြန့်၍

တပ်ခွဲလိုက်ကြရာ အနိမ့်၊ သစ်ဆိပ်၊ သလ္လာ၊ ဝန်လို့ ဒေသများ ၌ ကြည်းကြောင်း၊ ရေကြောင်း ဆုံကြ၏။ ထိုမှ တစ်ဆင့် ကန္ဒီ၊ ဘုမ္မဇင်း၊ ပင်းတင်း၊ မင်းခင်း၊ မအူမထွက်၊ မြေသာသို့ တန့်ချောင်းမှ တစ်ဆင့် တော်လူးနယ်ဒေသ၊ နတ်ကျွန်းအောင်မြေထိ ချီခဲ့ကြသည် ။

ရှေ့ပြေးတပ်ဦးတွင် ဗိုလ်မှူး ဣန္ဒပုံချီ၊ ဒီဗ္ဗပုံချီတို့ ကွပ်ကဲချီတက်ခဲ့ရာ ကျိန်းနော့တောင်ထိပ်၊ ကျောက်ထရံတောင်ကြား လမ်းကျဉ်းတွင် ကုန်းဘောင်တပ်နှင့် မဏိပူရတပ်တို့ ရင်ဆိုင်တွေ့ကြလေသည် ။

ပြင်းထန်၍ ကြောက်မက်ဖွယ် ကျိန်းနော်တောင်ထိပ်၊ ကျောက်ထရံတောင်ကြား တိုက်ပွဲကြီးသည် 'လက်ျာပုံချီ' အမည်ရှိသော သူရဲကောင်းတစ်ယောက်ကို မွေးဖွားပေးလိုက်ခြင်းဖြစ်လေသည် ။

***

"မဏိပူရတပ်ဟာ အင်အား မြင်းတစ်ထောင်၊ ခြေကျင် သုံးထောင် ရှိတယ်၊ ခရီးလမ်းပန်း ခက်ခဲကြမ်းတမ်းလှပြီး ရာသီဥတု ဆိုးရွားပြင်းထန်လွန်းလှတဲ့ မဏိပူရတောင်တန်းက ကျိန်းနော့တောင်ထိပ်လိုနေရာမျိုးကို မဏိပူရတပ်တွေဟာ စစ်မြေပြင်အဖြစ် အသေအချာ ရွေးချယ်လိုက်ကြတာပဲ၊ ကျောက်ထရံ တောင်ကြားလမ်းကို ကုန်းဘောင်တပ်တွေ ချိုးကွေ့ဝင်လိုက်တာနဲ့ တောင်ကြားလမ်း၊ တောင်ထိပ်ကွေ့မှာ မဏိပူရတပ်ကြီးဟာ ဘွားခနဲ ပေါ်လာတော့တာကိုး သားရဲ့ "

လွန်ခဲ့သည့် အနှစ်လေးဆယ်ခန့်။ အတိအကျ ဆိုပါမူ သုံးဆယ့်ရှစ်နှစ်က ပြင်းထန်သောတိုက်ပွဲကြီး ဖြစ်ပေါ်ခဲ့ရာ ကျောက်ထရံတောင်ကြား ကျိန်းနော့တောင်ထိပ်တွင် အဂ္ဂနိ ခြေချလျက် ရပ်နေမိလေသည် ။

ထိုစဉ်ကမူ ဤတောင်ထိပ်၊ ဤတောင်ကြားလမ်း၌ စစ်၏ ညာသံတို့ဖြင့် ပွဲတင်မြည်ဟည်း နေခဲ့ပေလိမ့်မည်။ ဓားသွားချင်း ခတ်သံ၊ ကျောက်တုံးများ ပြိုကျသံ၊ မြင်းဟီသံ၊ စစ်သည် တို့ ၏ အော်ဟစ်သံ။ ထို့နောက် မဏိပူရ စစ်သည် တို့ ၏ သေနတ်သံများ ။

အဂ္ဂနိသည် တောင်ထိပ်မှ နေ၍ မျက်စိတစ်ဆုံး နက်ရှိုင်းသော အောက်ခြေသို့ ငုံ့ကြည့်လိုက်သည် ။ အလိပ်အလိပ်သော ကျောက်စွယ်ကျောက်ချွန်း ကျောက်နံရံကြီးများ ၏ ဟိုးဘက်အောက်ခြေတွင် ကျိန်းနောချောင်းကို ချည်မျှင်စလေး တစ်ခုပမာ တွေ့မြင်နေရသည် ။

စင်စစ်မူ ကျိန်းနောချောင်းသည် ရေစီးသန်ပြီး ဝါးဖောင်ဖြင့် ဖြတ်ကူးရန်ပင် မဖြစ်နိုင်သော မရဏ ချောင်းပြင်ကျယ်ကြီး ဖြစ်သည် ။ ထိုကျိန်းနောချောင်းကိုပင် ချည်မျှင်စလေးတစ်ခုမျှသာ မြင်ရလောက်အောင်ပင် မတ်စောက်မြင့်မားလှသော ကျောက်ထရံ တောင်ကြားလမ်း၏ ကမ်းပါးသံကြီး ဖြစ်သည် ။

"တန်ဆောင်မုန်း လပြည့်ကျော်ရက်ဆိုတော့ ကျိန်းနောတောင်တန်းမ ၂၁ ဆီးနှင်းတွေဟာ အဆုပ်လိုက် အဆုပ်လိုက် ကျနေကြတယ်၊ တောင်ကြားထဲကို တိုက်ခတ်လာတဲ့ လေထဲမှာ ရေခဲရေမှုန်တွေ ပါလာတယ်၊ မွေးညင်းပေါက်တွေထဲကို စူးရှတဲ့ အပ်ဖျားတွေနဲ့ ကြဲပက်နေသလို ပြင်းထန်တဲ့ ရေခဲလေ၊ အဲဒီလို ဆိုးရွားပြင်းထန်တဲ့ ရာသီဥတုထဲမှာ အင်အားကြီးမားပြီး တောတောင်ဒေသ စစ်တလင်းကိုကျွမ်းတဲ့ မဏိပူရ တပ်ကြီးနဲ့ အဖတို့ ရင်ဆိုင်တိုးကြတာ"

ကျောက်ထရံတောင်ကြား၏ တဟည်းဟည်း လေတိုက်သံထဲတွင် အဝေး၏ အဝေးဆီမှ လွင့်မျောလာသော အသံကို အဂ္ဂနိ အတိုင်းသား ကြားနေသည် ။ ထို့အပြင် ပြောနေသူ၏ ရုပ်သွင်ကိုပါ အတိုင်းသား မြင်

နေသည် ။

လေးထောင့်စပ်စပ် မေရိုး၊ တုတ်ခိုင်သော လည်ပင်း၊ နှုတ်ခမ်းမွေး ကားကားကြီးများ စူးရှတောက်ပသော မျက်လုံးအစုံများ ။

ဘယ်သောအခါမှ မပျောက်ပျက်နိုင်တော့သော အဖ၏ ရုပ်ပုံလွှာ။

"မဏိပူရ စစ်သည် တွေဟာ မီးပေါက်သေနတ်ကို ကျွမ်းကျွမ်းကျင်ကျင် သုံးတတ်ကြတယ်၊ တဖြောင်းဖြောင်းပေါ်လာတဲ့ သူတို့ သေနတ်သံတွေဟာ ကျောက်ထရံတောင်ကြားမှာ စဲတယ်မရှိတော့ဘူး၊ ယမ်းငွေ့နဲ့ မီးခိုးတွေကလည်း ကျိန်းနှောတောင်ထိပ်တစ်ခုလုံးမှာ ဆီးနှင်းတွေနဲ့ လုံးထွေးပြီး အငွေ့ခြောင်းခြောင်း ထနေကြတယ်"

အဖသည် ပြင်းထန်၍ ကြောက်မယ်ဖွယ်ကောင်းသော စစ်ပွဲကြီးတစ်ခုကို အသေးစိတ် ပုံပန်းချီရေးဆွဲ ခြယ်မှုန်းပြခဲ့လေသည် ။

"မဏိပူရတွေရဲ့ ပထမဆုံး မီးပေါက်သေနတ်သံတွေအောက်မှာ တပ်ဦးက ချီတဲ့ ဗိုလ်မှူးဣန္ဒပုံချီရဲ့ ပခုံးကို ကျည်ထိသွားတယ်၊ တပ်ဦးမြင်းစီးတပ်သား ငါးယောက်ဟာ မြင်းတွေနဲ့ အတူ ကျောက်ထရံတောင်ကြားထဲကို တလိမ့်ကောက်ကွေး ကျသွားတယ်။ အချိန်က လင်းအားကြီးအချိန်၊ ဆီးနှင်းတွေနဲ့ ယမ်းငွေ့တွေကြောင့် မြင်ကွင်းဟာ မှုန်ဝါးနေတယ်၊ ရန်သူဟာ မမြင်ရတဲ့ တစ်နေရာကနေ ဆီးကြိုတိုက်ခိုက်လိုက်ရတာပဲ"

မေးရိုးကြီးများ အပြိုင်းပြိုင်း ထသွားသော အဖ၏ မျက်နှာကို မြင်ယောင်လိုက်သည် ။ ထိုအခါ အဂ္ဂနိကိုယ်တိုင်လည်း လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည် ။

ကုန်းဘောင်စစ်သည် တို့ သည် ခေတ္တအားဖြင့် ကစဉ့်ကလျား

ဖြစ်သွားကြသည် ။ ချီတက်နေဆဲ ရုတ်ခြည်းပေါ်လာသော တိုက်ပွဲ၏ ပြင်းထန်လှသည့် ပွဲဦးအဖွင့်တွင် ကုန်းဘောင်တပ်သည် အငိုက်မိသွားသည် ။ သို့သော် ပခုံးတွင် မီးပေါက်သေနတ်ကျည်သင့်၍ သွေးသံရဲရဲဖြစ်နေသော ဗိုလ်မှူးဣန္ဒပုံချီ၏ အသံနက်ကြီးက သေနတ်သံများကို ဖောက်ထွင်း၍ ပေါ်လာသည် ။

"ရန်သူ၊ တပ်တွေအားလုံး ကျောက်ထရံကိုကပ်"

ရုတ်ရုတ်သဲသဲဖြစ်သွားသော တပ်သားများ သည် ဗိုလ်မှူးဣန္ဒပုံချီ၏ အမိန့်အတိုင်း ကျောက်ထရံတွင် တညီတညွတ်တည်း ကပ်လိုက်ကြသည် ။ ထိုအခါ တောင်ကြားလမ်းတစ်လျှောက်တွင် ရှိနေသော ခြေကျင်တပ်၊ မြင်းတပ်များ သည် တောင်ထိပ်ပေါ်တွင် ရှိနေကြသော မဏိပူရတပ်၏ မြင်ကွင်းမှ ပျောက်ကွယ်သွားသည် ။

"သူတို့ က မီးပေါက်သေနတ်တွေနဲ့ ပစ်နေကြသေးတယ်၊ ဒါပေမဲ့ သူတို့ ကျည်တွေဟာ တောင်ကြားထဲကိုပဲ အချည်းနှီး ရောက်ကုန်ကြမှန်း သိတော့ သေနတ်ကို ဆက်မသုံးကြတော့ဘူး၊ ပြင်းထန်တဲ့ အသံတွေနဲ့ ရုတ်ခြည်း စတင်ဖွင့်လှစ်လိုက်တဲ့ တိုက်ပွဲဟာ ရုတ်ခြည်းပဲ တိတ်ဆိတ်ငြိမ်သက် သွားပြန်တယ်၊ အမှန်တော့ နှစ်ဖက်တပ်တွေဟာ တိုက်ပွဲသေနင်္ဂကို ဘယ်လိုဆက်စီမံရမလဲဆိုပြီး အားယူငြိမ်သက်သွားကြတာ။ အဲဒီ တိတ်ဆိတ်ငြိမ်သက်မှုဟာ သားကောင်ကို ခုန်အုပ်တော့မယ့် ကျားသစ်တစ်ကောင်ရဲ့ တိတ်ဆိတ်ငြိမ်သက်မှုမျိုး၊ သား မှတ်မိတယ် မဟုတ်လား၊ လက်ပြင်ကြွက်သားကြီးတွေထုတ်၊ လက်နှစ်ဖက်ကို အဆင်သင့်ပြင်၊ နောက်ခြေနှစ်ဖက်ပေါ်မှာ ခုန်အုပ်မယ့် အရှိန်အတွက် တစ်ကိုယ်လုံးရှိ သမျှ အင်အားတွေကို စုယူထား၊ အမြီးကို အသာယာသိမ်းထားတဲ့ ကျားသစ်တစ်ကောင်ရဲ့ အဆင်သင့် အနေအထားမျိုးလေ"

အဂ္ဂနိ သက်ပြင်းရှိုက်သည် ။ စစ်ပွဲတစ်ပွဲအကြောင်းကို ပြောပြနေရင်းမှာ ပင် အဖသည် မုဆိုးတို့၏ အတတ်ပညာကို ကျွမ်းကျင်လိမ္မာစွာ သင်ကြားပို့ချနိုင်စွမ်းချေသည် ပင်။

"ကိုင်း ... တိုက်ပွဲကို ပြန်ဆက်ကြစို့"

ခက်ခဲကြမ်းတမ်းသော သေနင်္ဂ အစီအရင်အကြောင်း ပြောတော့မည့် အဖ မျက်နှာပေါ်တွင် အပြုံးတစ်ချက် ပေါ်လာခဲ့သည် ။

"အင်း..... အခုဟာက နှစ်ဖက်စလုံးက ကျားသစ်တွေ ဖြစ်နေတယ်၊ တစ်ဦးကိုတစ်ဦး သားကောင်အဖြစ် ချောင်းမြောင်းနေကြတာဟာ ကျားသစ်နှစ်ကောင် ဖြစ်နေတယ်၊ ဗိုလ်မှူးဒိဗ္ဗပုံ့ချီနားမှာ ကျောက်ထရံကို ဖိကပ်နေရာယူထားရင်းနဲ့ အဖလည်း ငါတို့ ဘယ်လိုတိုက်ကြမလဲလို့ စဉ်းစားနေမိတာပေါ့၊ ဗိုလ်မှူးက္ကန္ဒပုံ့ချီကိုတော့ သူ့ရဲမက်တွေက ပခုံးဒဏ်ရာကို ဆေးစည်းကုသပေးနေကြတယ်၊ ဗိုလ်မှူးဒိဗ္ဗပုံ့ချီက ကျိန်းနှောတောင်ထိပ်ပေါ်ကို လှမ်းကြည့်ပြီး အဖကို လက်နဲ့ အသာတို့ ပြီး တောင်ထိပ်ပေါ်ကို အမူအရာနဲ့ ပြတယ်၊ အဖလှမ်းကြည့်တော့ တောင်ထိပ်တစ်ကြောလုံးမှာ တစ်စွဲထားတဲ့ မဏိပူရတပ်တွေကို ဆီးနှင်းတွေအောက်မှာ ရေးရေးလေး တွေ့လိုက်ရတယ်။ ဗိုလ်မှူးက အဖမျက်လုံးတွေထဲကို တည့်တည့်ကြီး စိုက်ကြည့်နေတယ်၊ အဖက ဗိုလ်မှူးကို 'သူတို့ မှာ သေနတ်တပ်ဖွဲ့ သီးသန့်ထားတယ်၊ တောင်ထိပ်အမြင့်ဆုံးမှာ တပ်စွဲထားတယ်၊ အကွက်အကွင်း အကောင်းဆုံးနေရာပဲ၊ အဲဒီသေနတ်အုပ်စုကို အရင်ရှင်းနိုင်မှ ဖြစ်မယ်' လို့ ပြောလိုက်တယ်။

အကြပ်ဗိုလ်လေး 'မင်းကျော်ခေါင်' ၏ စကားကို ဗိုလ်မှူးဒိဗ္ဗပုံ့ချီ နားလည်လိုက်သည် ။ ကျိန်းနှောတောင်ထိပ်တွင် စွဲထားသော ရန်သူ သေန

တ်အုပ်စုကို ဖြိုခွင်းရန် ဟူသော အစီအမံ။

မတ်စောက်သော တောင်ကမ်းပါး၊ တစ်ဖက်တွင် နက်ရှိုင်းသော ချောက်။ ဆီးနှင်းတို့ ဖြည်းဖြည်းကျနေသည့် ကျိန်းနောတောင်ထိပ်။ ထိုတောင်ထိပ်ပေါ်မှ ရန်သူ သေနတ်တပ်စု။ ထိုတပ်စုကို ဖြိုခွင်းရန် ....

မဖြစ်နိုင်သော၊ သို့သော် အခြားနည်းလမ်းမရှိတော့သော တစ်ခုတည်းသော အစီအမံ။ ရူးသွပ်ခြင်း၊ မိုက်မဲခြင်း။

'ကျွန်တော် တောင်ထိပ်ပေါ်တက်ပြီး ရန်သူ သေနတ်အစုကို ရှင်းပါရစေ ဗိုလ်မှူး' ဟု မင်းကျော်ခေါင်က ပြောသောအခါ ဗိုလ်မှူးဒိဗ္ဗက 'မင်း ရူးနေသလား၊ အဲဒီကိုရောက်အောင်သွားဖို့ မင်းမှာ အတောင်ပံ ရှိလို့ လား' ဟု ဆိုသည် ။ သို့သော် မင်းကျော်ခေါင် ဆုံးဖြတ်ပြီးနေပြီ။

"ကျွန်တော့်ကို တိုက်ခွင့်အမိန့်ပေးပါ ဗိုလ်မှူး"

"မင်း ရူးသွားပြီ မင်းကျော်ခေါင်"

"ရှိပါစေတော့ ဗိုလ်မှူး၊ ဒါပေမဲ့ အရူးတစ်ယောက်ကြောင့် ရန်သူတွေ ဖရိုဖရဲဖြစ်ပြီး အာရုံပျက်သွားတုန်းမှာ ကျွန်တော်တို့ တပ်ကြီးဟာ ကျောက်ထရံလမ်းကြားအတိုင်း ဆက်ချီတက်၊ တစ်ဖက်တောင်ကြောပေါ်ကို နေရာယူနိုင်မယ်ဆိုရင် ....."

"မင်းကျော်ခေါင်၊ မင်းကို သေမင်းဆီပို့ရမယ့်အမိန့်ကို ငါဘယ်လို လုပ်ပေးလို့ ရမလဲ"

"သေမင်း မဟုတ်ပါဘူး ဗိုလ်မှူး၊ ကျိန်းနောတောင်ထိပ်ပါ"

ဗိုလ်မှူးဒိဗ္ဗပုံချီ မျက်လုံးအစုံ မှိတ်လိုက်သည် ။

ထို့နောက် ....

"ကောင်းပြီ၊ မင်းကို ငါ တိုက်ခွင့်အမိန့်ပေးတယ် " ဟု ဆိုသည် ။

မင်းကျော်ခေါင် ပြုံး၍ စလွယ်သိုင်းထားသော ကြိုးခွေကိုဖြုတ်သည် ။ လွှာဖိနပ်ကို ချွတ်သည် ။ ရိက္ခာထုပ် ကျောပိုးအိတ်ကို အောက်ချသည် ။ ကြိုးခွေ၊ ပဲကွပ်၊ ပေါက်ချွန်း၊ ဓားမြှောင်နှင့် လွှာဖိနပ်မဲ့ ခြေထောက်များကို အသုံးပြုလျက် ကျိန်းနောတောင်ကမ်းပါးယံကြီးကို စတက်သည် ။

***

"ဆီးနှင်းတွေ ဝေနေတာရယ်၊ တောင်နံ့ရံတစ်ဖက်တည်းမှာ ရှိတာရယ်ကြောင့် တောင်ထိပ်ပေါ်က ရန်သူတွေဟာ အဖကို ဘယ်လိုမှ မမြင်နိုင်ဘူး၊ အရူးတစ်ယောက်ရဲ့ ကံကောင်းခြင်းပေါ့၊ ဒီလိုနဲ့ ကျောက်ထရံတောင်ကမ်းပါး နံ့ရံကြီးကို တက်ခဲ့ရတယ်၊ ကျောက်ချပ်ကြားတွေထဲကို ပေါက်ချွန်းထိုးစိုက် ကြိုးနဲ့ ချည်၊ ကြိုးကိုဆွဲပြီးတက်၊ ပပ်ကြားအက်တွေ့ရင် ခြေကုပ်မြဲမြဲယူ၊ ကျောက်ချွန်တွေ ထိုးထွက်နေတဲ့ ရောက်ရာရောက်တော့ ပဲကွပ်နဲ့ ချိတ်၊ လက်မောင်းအားသုံးပြီး တစ်ကိုယ်လုံး မြောက်ကြွအောင် ကိုယ့်ကိုယ်ကိုယ် မြှောက်ယူ၊ တကတဲ တက်လိုက်ရတာများ တစ်ရွေ့ချင်း ရွေ့တက်ရတာကိုး၊ ကျောက်ထရံကမ်းပါးကြီးအတိုင်း တောင်ထိပ်ရောက်အောင် တက်ခဲ့ရတဲ့ ဒီခရီးဟာ အဖတစ်သက်မှာ တော့ အဝေးဆုံးပါပဲ"

ရယ်သွမ်းသွေးဟန်ဖြင့် အဖ ပြောခဲ့သော်လည်း ဤတောင်ကမ်းပါးယံသို့ တက်ရခြင်းသည် ဘယ်လောက် ကြီးမားသော စွန်းစားခြင်း ဖြစ်ခဲ့မည်ဆိုခြင်းကို အဂ္ဂနိ နားလည်နေသည် ။ ယခုပင်လျှင် တက်ခဲ့သော

တောင်ကမ်းပါးယံကြီးကို အဂ္ဂနိ မော့ကြည့်နေမိသည် ။ ကျော်ကထရံကမ်းပါး။ အဖ၏ ပဲကွပ်၊ ပေါက်ချွန်းရာများ ရှိနေဦးမည် ကျောက်သားပြင်၊ အဖ၏ လွှာဖိနပ်မဲ့ ခြေထောက်တို့ ဖြင့် ကုတ်ခြစ်ခဲ့မည့် ကျောက်ချွန် ကျောက်စွယ်များ ။ တစ်ဖက်တောင်ထိပ်ပေါ်တွင် တပ်စွဲထားသည့် ရန်သူသေနတ်အစု။ တစ်ဖက်တွင် မူ နက်ရှိုင်းလှသည့်ချောက်။ ခြေချော်လက်ချော် ကျလိုက်လျှင် စိစိညက်ညက် ကြေမွကာ အရိုးတခြား အသားတခြား ဖြစ်သွားမည့် ကြောက်စရာ အကောင်းဆုံး အနေအထား။ ထိုနှစ်ခုအကြားတွင် တကုပ်ကုပ် တလှုပ်လှုပ်ဖြင့် ပဲကွပ်၊ ပေါက်ချွန်းနှင့် ကြိုးကို အသုံးပြုကာ တက်နေသည့် အဖ။

"အခုမှ ပြန်စဉ်းစားမိတယ်၊ ဗိုလ်မှူးဒိဗ္ဗပုံချီ ပြောသလို အဖဟာ ရူးသွပ်နေတာပဲ ဖြစ်မယ်၊ ဟုတ်တယ် အဲဒီတုန်းက အဖ ရူးသွပ်နေခဲ့တယ် ဗိုလ်မှူးဣပုံချီက ပခုံးမှာ မီးပေါက်သေနတ်ဒဏ်ရာ ရထားတာရယ်၊ ကိုယ့်တပ်ထဲက မြင်းစီးရဲမက် ငါးယောက် မြင်းနဲ့ တကွ ချောက်ထဲကျတာရယ် ဘယ်လိုမှ ချီတက်လို့ မဖြစ်နိုင်တဲ့ လှုပ်လိုက်တာနဲ့ သေနတ်ကျည် တဖြောဖြောကျလာမယ့် ကျောက်ထရံလမ်းကြားရယ်၊ တောင်ထိပ် သေနတ်အစု ၊ ချောက်နဲ့ တောင်နံရံ၊ ရန်သူအဆီးအတား သုံးခုအကြား ပိတ်မိနေတဲ့ ကိုယ့်ရဲ့ တပ်တော်ကြီးရယ်၊ ဒါတွေကို တွေးပြီး အဖ ရူးသွားတာပဲ ဖြစ်ရမယ်။"

"ဒါကြောင့်လည်း သေမင်းရဲ့ ဆံစကို ဆွဲကိုင်တဲ့ အဲဒီကိစ္စကို အဖလုပ်ခဲ့တာပဲ၊ လူသားတစ်ယောက်အဖို့ တကယ် တက်ဖို့ မပြောနဲ့ ၊ တက်ဖို့တောင် စိတ်မကူးသင့်တဲ့ အရာ၊ အဲဒါကို အဖလုပ်ခဲ့တာပဲ သား"

မင်းကျော်ခေါင်သည် တောင်ထိပ်၏ အမြင့်ဆုံး တောင်ထွတ်နေရာကို ရွေးလိုက်သည် ။ ရန်သူသေနတ်အစုသည် တောင်ထိပ်တွင် နေရာ

ယူထားသည် ဆိုသော်လည်း ကောင်းကင်ထဲသို့ ထိုးထွက်နေသော တောင်ထွတ်ဖျားတွင် မရှိ။

ထိုတောင်ထွတ်ဖျားသည် သေနတ်အစု နေရာယူနိုင်လောက်အောင် ကျယ်ပြန့်သည် မဟုတ်။ စင်စစ်မူ မင်းကျော်ခေါင် ရွေးချယ်လိုက်သော တောင်ထွတ်ဖျားသည် ဤကျိန်းနောတောင်ထိပ်သာမက မဏိပူရတောင်တန်းများ ၏ ရှိရှိသမျှ တောင်ထိပ်ဖျားများ တွင် အမြင့်ဆုံးအထွတ်ပင် ဖြစ်ချေသည် ။

နံရံပပ်ကြားအက်များ တွင် ကုတ်ဖွဲ့တွယ်တက်ခဲ့ရသောကြောင့် ခြေချောင်းများ ၌ သွေးအလူးလူး ရှိခဲ့ပြီ။ ခြေသည်းတို့ လည်း ကျိုးပဲ့ကျွတ်ထွက်ခဲ့ပြီ။ ကျောက်ချွန်များကြောင့် ခြေဖဖဝါးပြင်လည်း ဟက်တက်ကွဲခဲ့ပြီ။ လက်မောင်းနှင့် ပခုံးသားများက မခံမရပ်နိုင်လောက်အောင် ကိုက်ခဲလာသည် ။

ဆီးနှင်းနှင့် အေးစက်သော တောင်ကြားလေ၏ တဝှီးဝှီးတိုက်ခတ်မှုအောက်မှာ ပင် မင်းကျော်ခေါင်၏ နဖူးနှင့် ကျောပြင်တို့ တွင် ချွေးသီးချွေးပေါက်များ စိမ့်ထွက်နေကြသည် ။ အဆမတန် မောဟိုက်ခြင်းကြောင့် နားထဲမှ လေများ ထွက်လာကာ မျက်စိများ ပြာဝေလာသည် ။ ရင်အုံသည် မြင်းခွာဖြင့် အပေါက်ခံရသလို နာကျင်လာသည် ။ ဖျစ်ဖျစ်မြည်သော အသံများ နှင့်အတူ အကြောမျှင်များ ပြတ်ထွက်ကာ အရိုးများ ကျိုးကြေကုန်ကြပြီဟု ထင်ရသည် ။

တောင်ထွတ်သို့ရောက်ရန် လက်ခုပ်နှစ်ဖောင်လောက် အလိုတွင် အပေါ်ဘက်ရှိ ကျောက်ချွန်တစ်နေရာကို လှမ်းဆွဲလိုက်ရာ ခြေအောက်မှ ကျောက်ပပ်ကြားအက်လွှာ ကွာကျသွားသည် ။ အသည်း အူကလီစာတွေ ခံတွင်းမှ ခုန်ထွက်သွားပြီဟု ထင်လိုက်သည် ။

တစ်ကိုယ်လုံးသည် ကျောက်ချွန်ကို ဆွဲကိုင်ဖမ်းခိုထားသော လက်မောင်းပေါ်တွင် တည်ကာ တောင်ကြားလေ တဝှီးဝှီးထဲ၌ လှုပ်ခါနေသည် ။

အောက်တွင် ကျိန်းနောချောင်းကို မမြင်ရတော့။ အဆုံးမဲ့ နက်စောက်သော ချောက်ကြီးက ခံတွင်းကို ဖြဲဟလျက် စောင့်နေသည် ။ သေမင်း၏ အသံကို နီးနီးကပ်ကပ် ကြားလိုက်ရသည် ။ ချောက်ကမ်းပါးနှင့် တောင်ကြားသို့ တဝှီးဝှီး တိုးဆောင့်နေသော နှင်းခဲလေတို့ က လူသားတစ်ယောက်အား အညှာအတာ အကင်းမဲ့ဆုံး ရိုက်ပုတ်သည် ။ မရဏတံခါးက ပွင့်နေပြီ။

"လက်မောင်းတစ်ခုလုံးဟာ နာကျင်ကိုင်ခဲခွန်းမက ကိုက်ခဲ လာပြီးနောက်တော့ ဘာမှ မသိနိုင်တော့လောက်အောင် ထုံကျဉ်လာတယ်၊ ကျောက်ချွန်ကို ဖမ်းဆုပ်ထားတဲ့ လက်ချောင်းတွေမှာ အထိအတွေ့အာရုံက တစ်စတစ်စ ပြယ်လာတယ်၊ နားထဲမှာ လည်း တစီစီအသံတွေ မြည်နေပြီ၊ မျက်လုံးတွေလည်း ပြာ လာပြီ၊ ငါရှုံးပြီ၊ ငါပြုတ်ကျတော့မယ်ဆိုတဲ့ အသိဝင်လာတယ်"

"အဲဒီအချိန်မှာ အဖ မကြောက်ဘူးလားဟင်" ဟု မေးခဲ့သည် ကို အဂ္ဂနိ ကောင်းစွာမှတ်မိနေသည် ။ အဖေက လေးနက်စွာ ပြောခဲ့သည် ။

"အဖဟာ ရှုံးသွပ်နေသူ မဟုတ်ဘူး ဆိုတာ အဲဒီအချိန်ကလေးမှာ မှ သိလိုက်ရတာ၊ မရှုံးလို့ သာ အဖ ကြောက်တာပေါ့၊ သိပ်ကြောက်သွားတယ်၊ ဒါပေမဲ့ ကမ်းပါးစောက်ကနေ ပြုတ်ကျပြီး ဟိုးချောက်ထဲမှာ အရိုးတခြား အသားတခြား စိစိညက်ညက် ကြေသွားမှာ ကို ကြောက်တာမဟုတ်ဘဲငါ မအောင်မြင်ဘဲနဲ့ သေရတော့မှာ လားဆိုတာကို ကြောက်သွားတာ။"

"ဒီအချိန်မှာ အဖ ဘာလုပ်တယ် ထင်သလဲ၊ ငါကျသွားမယ့် ချောက်ကြီးကို ငါ နောက်ဆုံးအကြိမ်အဖြစ် ကြည့်သွားမယ်ဆိုပြီး အောက်ဘက်ကို လှမ်းကြည့်တယ်၊ အောက်မှာ ဘာတွေ့ရတယ်ထင်သလဲ သား"

ကုန်းဘောင်တပ်သားများ ၏ အထိတ်လန့်ဆုံး မျက်နှာများ ၊ ဗိုလ်မှူးအောက်ဒိဗ္ဗပုံချီ၏ ကြေကွဲသောအသွင်။ နှင်းငွေ့များကြားတွင် ဝိုးတဝါး။

"သွေးသောက်ရဲမက်တွေနဲ့ ဗိုလ်မှူးဒိဗ္ဗပုံချီတို့ ကို တွေ့လိုက်တော့ အေးခဲနေပြီဖြစ်တဲ့ အဖသွေးတွေဟာ ချက်ချင်းပြန်နွေးလာသလိုပဲ၊ သူတို့ အတွက် ငါရအောင်တက်မယ်ဆိုတဲ့ စိတ်ဓာတ်ဝင်လာတယ်"

နှင်းရိုက်လေကို တစ်ဝကြီး ရှိုက်သွင်းလိုက်သည် ။ ပြာဝေနေသော မျက်လုံးအစုံ၏ အထက်အောက် မျက်လွှာကြွက်သားများကို ညှစ် ပိတ်လိုက်သည် ။ ပြန်ဖွင့်လိုက်သောအခါ မြင်ကွင်းသည် ကြည်လင်သွားပြီ။

ထုံကျဉ်နေသော လက်ချောင်းများ အတွင်းသို့ တန်ခိုးရှင်တစ်ပါးပါးက အပူငွေ့များ သွင်းပေးလိုက်သည့်နှယ် ခံစားလာရသည် ။ အထိအတွေ့အာရုံကို ပြန်လည်ရှိလာသည် ။ ပွင့်ကန်ထွက်မတတ် ရင်အစုံကိုတော့ မညှာမတာပင် ခိုင်းပစ်လိုက်သည် ။

အံသွားတို့ ကျိုးကြေမတတ် မေးရိုးကိုကြိတ်ကာ လက်မောင်းကို ကွေးညှစ်၊ လက်ချောင်းများ ထဲသို့ ကျောက်ချွန်းများ စူးနစ်ဝင်ရောက်သည် အထိ တင်းတင်းကြီး ဆုပ်ကိုင်ကာ တစ်ကိုယ်လုံးကို အထက်သို့ မြှောက်ချီ မယူသည် ။

"သေမင်းဟာ အဖကို သူ့ရဲ့ ပါးစပ်ကြီးနဲ့ လှမ်းဟပ်လိုက်သေးတယ်၊ ဒါပေမဲ့ အဖရဲ့ ဝတ်ရုံစကိုပဲ သူဟပ်မိတယ် ၊ အဲဒီသဘောပဲ၊

မကျေမချမ်း ဖြစ်သွားတဲ့ သေမင်းရဲ့ သွားစွယ်ချွန်ချွန်ကြီးတွေကြားက အဖ သီသီကလေး လွတ်သွားတယ်လေ"

မင်းကျော်ခေါင် တောင်ထိပ်၏ အထွတ်သို့ ရောက်သွားသည် ။ တောင်ထွတ်ဖျား၏ အစွယ်များ ကွယ်နေခြင်းကြောင့် ရန်သူသေနတ်အစု မမြင်နိုင်သည် မှာ သေမင်းက ပြန်လည်ပေးလျော်သော အရှုံးကြေးဆုပင် ဖြစ်လိမ့်မည်။

ရပ်တည်ခြင်းငှာ မစွမ်းနိုင်အောင် တဝှီးဝှီးတိုက်နေသော လေပြင်းထဲတွင် လဲပြိုမသွားရန် အထွတ်ဖျားမှ ကျောက်စွယ်များကို တွယ်ဖက်ထားရင်း ခေတ္တမျှ အမောဖြေရသေးသည် ။ ပြီးမှ ရန်သူသေနတ်အစုကို တိုက်ခိုက်ရန် နည်းလမ်းရှာသည် ။

ရန်သူသေနတ်အစု။ မီးပေါက်သေနတ်များ ကိုယ်စီဖြင့် မဏိပူရ လက်ဖြောင့်ရဲမက်များ သည် တောင်ထိပ်၏ ကျဉ်းမြောင်းသော ကျောက်သား အပြန့်တွင် နေရာယူထားသည် ။ ယခုတော့ သူတို့ ကို အပေါ်စီးမှ နေရာယူကာ အချိန်မရွေး တိုက်ခိုက်နိုင်သော အနေအထားကို မင်းကျော်ခေါင် ရရှိပေပြီ။

ရန်သူတို့ ကား ကျောက်ထရံ တောင်ကြားလမ်းသို့ ငုံ့ကြည့်ရင်း တောင်ထိပ်ကမ်းပါးတွင် မှောက်လျက် နေရာယူထားကြသည် ။

"ကံတရားလို့ ပဲ ဆိုမလား၊ အဖဟာ သေမင်းရဲ့ ခံတွင်းဝကနေ ပွတ်ကာသီကာ ရှောင်တိမ်း လာပြီး နောက်မှာ အနိုင်အလှည့်က အဖဘက်ကို အလေးသာနေပြီလေ၊ ရန်သူတွေဟာ အဖရှိရာ တောင်ထွတ်အပေါ်ဘက်ဆီကို တစ်ချက်ကလေးမှ လှည့်ကြည့်ရကောင်းမှန်း မသိဘူး၊ အမှန်တော့လည်း သိမ်းငှက်တစ်ကောင်တောင်မှ နားမနေသင့်တဲ့ အထွတ်ဖျားမှ အဖ ရောက်နေမယ်ဆိုတာ သူတို့ ဘယ်တွေးမိလိမ့်မလဲ"

အထိရောက်ဆုံး တိုက်ခိုက်နည်းကို မင်းကျော်ခေါင် စဉ်းစားသည် ။

"ကျောက်တုံးတွေ လိုမ့်ချရအောင်ကလည်း တောင်ထွတ်မှာ ကျောက်တုံးတွေ အလုံအလောက် မရှိဘူး၊ ရန်သူသေနတ်အစုက နှစ်ဆယ်လောက်ရှိတယ်၊ ကျောက်တုံးတွေကို အဖက လိုမ့်ချနေတုန်းမှာ သူတို့အထဲက မီးပေါက်သေနတ်ကို နားခွက်မီးစွဲအောင် အချိန်ယူလို့ ရနိုင်တယ်။ အဖ ရှင်းနိုင်လှ ရန်သူ လေးငါးယောက်ပေ့ါ၊ ဒါကြောင့် နောက်တစ်နည်း စဉ်းစားရပြန်တယ်"

ရှုံးသွပ်သူ မဟုတ်ခဲ့သော်လည်း မိုက်မဲသူတော့ ဖြစ်ကောင်းဖြစ်ခဲ့မည်ဟု ဗိုလ်မှူးဒိဗ္ဗပုံချီက တိုက်ပွဲအပြီး၌ ပြောခဲ့သည် ။ အကြောင်းမူ မင်းကျော်ခေါင်၏ တိုက်ခိုက်နည်းမှာ ရန်သူများ အတွက်သာမက သူ့အတွက်ပါ ကြောက်စရာကောင်းလှသောကြောင့် ဖြစ်လေသည် ။

"စဉ်းစားဆုံးဖြတ်ပြီးတာနဲ့ အဖ လှုပ်ရှားလိုက်တယ်"

အသံကုန်အော်ဟစ်ကာ မင်းကျော်ခေါင် တောင်ထွတ်ပေါ်မှ တောင်ထိပ် ကျောက်သားအပြန့်ရှိ မဏိပူရ သေနတ်ရဲမက်များ အပေါ်သို့ ခုန်ချသည် ။ မိမိတို့ အပေါ်ဘက်မှ ကြောက်စရာကောင်းသော အသံနက်ကြီးနဲ့ အတူ နတ်မိစ္ဆာတစ်ကောင် ကောင်းကင်မှ ဆင်းခုန်ချ လာပြီဟု မှတ်ထင်သွားကြပေလိမ့်မည်။

ရုတ်တရက် နားခွက်တွင် မီးမတောက်တတ်သော မီးပေါက်သေနတ်များကိုကိုင်ရင်း ရန်သူတို့ အကြီးအကျယ် အံ့သြသွားကြသည် ။ ထိုသို့ ထိတ်လန့်အံ့သြနေရင်းမှာ ပင် မဏိပူရ ရဲမက်တို့ သည် မင်းကျော်ခေါင်၏ လျှပ်စီးပြက်သည့်နှယ်သော တိုက်ခိုက်မှုကြောင့် တောင်ထိပ်မှ သည် ကမ်းပါးယံအတိုင်း ထို့နောက် အသူတရာနက်သော ဟိုးအောက်ဘက် ကျိန်းနောချောင်းပြင်ဆီသို့ လွင့်စဉ်ပြုတ်ကျသွားကြသည် ။

"သာမန်အားဖြင့်ဆိုရင် မဏိပူရ သေနတ်ကိုင် ရဲမက်နှစ်ယောက်ကို အဖ ရင်ဆိုင်ဖို့ မလွယ်ဘူး၊ သူတို့ ဟာ လိုအပ်ရင် သေနတ်ဒင်ကို ပုဆိန် လို အသုံးပြု တိုက်ခိုက်နိုင်သူတွေပဲ၊ ဒါပေမဲ့ သူတို့ အကြီးအကျယ် အံ့သြ သွားတာရယ်၊ တောင်ထွတ်ပေါ်ကနေ ခုန်ပျံဝဲကျလာတဲ့ အဖကိုကြည့်ပြီး ထိတ်လန့်သွားတာရယ်၊ အငိုက်မိခံရတာရယ်ကြောင့် တစ်ယောက်ပြီး တစ်ယောက် အောက်ကိုကျသွားတယ်"

တောင်ထွတ်ဖျားပေါ်မှ ခုန်ချဝဲပျံရင်း တစ်ခဲနက် ကြွေးကြော်လိုက် သော မင်းကျော်ခေါင်၏ ဟစ်အော်သံသည် ပင် ကျောက်ထရံတောင်ကြားလမ်း၊ ကျိန်းနော့တောင်ထိပ်တိုက်ပွဲ၏ စစ် ညာသံ ဖြစ်သွားသည် ။ တစ်ချိန်တည်းမှာ ပင် တိုက်ပွဲ၏ ကန့်လန့်ကာ ကို ဆွဲဖွင့်လိုက်ခြင်းလည်း ဖြစ်သည် ။

တောင်ထိပ်ပေါ်မျ သေနတ်ကိုင်ရန်သူများ ကစဥ့်ကလျား လွင့်ကျ လာချိန်မှာ ပင် တောင်နံရံ ကျောက်ကမ်းပါး၌ ကပ်နေကြသော ကုန်း ဘောင်ရဲမက်များ သည် စတင်လှုပ်ရှားလိုက်ကြသည် ။ တောင်ထိပ်ပေါ် မှ သေနတ်အစု ပြိုကွဲသွားကြောင်း သိသွားသည် တွင် မဏိပူရ ခြေကျင် တပ်နှင့် မြင်းတို့ သည် ကျောက်ထရံလမ်းကြောင်းထဲသို့ တောင်စွယ်အ ကွေ့မှ ထွက်လာကြသည် ။

ဤတွင် နှစ်ဖက်တပ်များ သည် ကျဉ်းမြောင်းသော ကျောက်ထရံလ မ်းကြားတွင် အပြင်းထန်ဆုံး ရင်ဆိုင်မိကြသည် ။

"ဘယ်လောက်ပြင်းထန်ပြီး ဘယ်လောက် ကြောက်စရာကောင်းတဲ့ တိုက်ပွဲလဲဆိုတာ နောက်မှ ဗိုလ်မှူးဒိဗ္ဗပျံချီ ပြောပြလို့ အဖ သိရတယ်၊ အဖက သေနတ်အစုကို တိုက်ခိုက်အပြီးမှာ တောင်ထိပ်ပေါ်မှာ ပဲ မေ့လဲ ကျသွားတာကိုး"

ကျိန်းနောတောင်ထိပ်တိုက်ပွဲအပြီးတွင် အကြပ်ဗိုလ်လေး မင်းကျော်ခေါင်အား အလောင်းမင်းတရားကြီးက လက်ျာပုံ့ချီဘွဲ့နှင့် ဗိုလ်မင်းအရာသို့ ချီးမြှောက်ခဲ့လေသည် ။

မင်းကျော်ခေါင်ဘဝမှ လက်ျာပုံ့ချီဘွဲ့အမည် ရရှိခဲ့သည့် ကျောက်ထရံတောင်ကြား ကျိန်းနောတောင်ထိပ်ဒေသ။

အဂ္ဂနိသည် ကျောက်ထရံတောင်ကြားလမ်းအတိုင်း ပြေးတက်လိုက်သည် ။ ထို့နောက် နက်ရှိုင်းသော ချောက်အောက်မှ ကျိန်းနောချောင်းကို ငုံ့ကြည့်သည် ။ ထို့နောက် ဖုထစ်ချွန်မြ ကျောက်သားနံရံကြီးကို လက်သီးအစုံဖြင့် ထုရိုက်ကာ အသံကုန်အော်ဟစ်သည် ။

"ကျုပ် ဘယ်လိုမေ့လို့ ရမလဲ အဖ ၊ ကျုပ် ဘယ်လိုမေ့လို့ ရမလဲ"

ကျိန်းနော တောင်ကမ်းပါးနှင့် မဏိပူရတောင်တန်းလျှိုကြီးများက အဂ္ဂနိ အော်သံကို ပဲ့တင်ပြန်လှန် မြည်ကြွေးလိုက်ကြလေသည် ။

"ကျုပ် ဘယ်လို မေ့လို့ ရမလဲ"

"ကျုပ် ဘယ်လို မေ့လို့ ရမလဲ"

"ကျုပ် ဘယ်လို မေ့လို့ ရမလဲ"

***